ကျုံစိန်ကျေးရွာ၊ ကျိုက်မရောမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၅–၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျုံစိန်ကျေးရွာ၊ ကျိုက်မရောမြို့နယ်

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁

စကားချီး ၄

ကျုံစိန် ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကျိုက်မရောမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၇
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၁၈
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၀
(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၆
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၇
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၉
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ
နောက်ဆက်တွဲ
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၂
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဇရိယာ

ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

ဇယား ၂၈ ကျောင်းအပ်နှုန်း

ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ

ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၁ အဖြစ်များသော ရောဂါများ

ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ သောက်သုံးရေ ရရှိမှု

ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ

ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ

ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၁
ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၃
ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း ၆၉
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၇၀
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်း နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါ သည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင် ဆွေးနွေး ညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်း ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင် ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကျုံစိန်ကျေးရွာ၊သပိတ်ကျင်းမြို့နယ်။

ကျုံစိန်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကျိုက်မရောမြို့နယ်



ရည်ညွှန်း- ကျုံစိန်ကျေးရွာအရင်းအမြစ်ပြမြေပုံ - ကျုံစိန်ကျေးရွာ၊ ကျုံစိန်ကျေးရွာအုပ်စု၊ ကျိုက်မရောမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၅ ခုနှစ် စက်တင်ဘာလ ၉–၁၁ ရက်)

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေး

ဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များ အတွက် သတင်း အချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေ ဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင် ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင် နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့် သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင် ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏

စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား

ကျုံစိန်ကျေးရွာသည် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်၏ မြောက်ဘက် အစွန်း၊ အတ္ထရံမြစ် နှင့် ဂျိုင်းမြစ် ဆုံရာအနီးတွင်တည်ရှိပြီး ဧရိယာအကျယ်အဝန်းမှာ စတုရန်းမိုင် (၁.၆၇) ရှိပါသည်။ မော်လမြိုင်မြို့မှ (၁၀)မိုင်၊ ကျိုက်မရောမြို့မှ (၁၅)မိုင် ကွာဝေးပါသည်။ မြေပြန့်လွင်ပြင်များဖြစ်ပြီး: လယ်များပြန့်ပြူး စွာတည်ရှိ၍ အချို့နေရာများတွင် တောင်ဂမူများ တည်ရှိပါသည်။ မြစ်သုံးမြစ်မှပို့ချသော နုန်းများကြောင့် ကိုင်းကျွန်းများပေါ်ထွန်းပြီး မြေဆီဩဇာထက်သန်ပါသည်။ ကျေးရွာသည် ပင်လယ်ရေ မျက်နှာပြင်အထက်(၁၈)ပေ အမြင့်တွင် တည်ရှိပါသည်။ ပူအိုက်စွတ်စိုသော ရာသီဥတုရှိပြီး (၁၀)နှစ် ပျမ်းမျှမိုးရွာရက် (၁၃၀)ရက်၊ (၁၉၇.၀၁)လက်မ ရွာသွန်းပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

ပူအိုက်စွပ်စိုသော ရာသီဥတုရှိပြီး: ပျဉ်းမ၊ ပိတောက်နှင့် အလေ့ကျပင်များပေါက်ရောက်သည်။ သဘာဝပတ်ဝန်းကျင်သည် လက်ရှိအနေအထားတွင်စိမ်းလန်း စိုပြေလျက်ရှိပါသည်။ တောင်မှမြောက်သို့ စီးဆင်းလျက်ရှိသည့် အတ္ထရံမြစ်နှင့် ဂျိုင်းမြစ်ရှိပါသည်။ အတ္ထရံမြစ်နှင့် ဂျိုင်းမြစ်မှ သားငါးများကို ဖမ်းယူ၍ ဝမ်းစာဖြည့်တင်းကြသည်။ မြစ်ကမ်းနား တစ်လျှောက်တွင် တည်ရှိ၍ရေတက်ရေကျရှိခြင်းကြောင့် သီးနှံများစိုက်ပျိုးဖြစ်ထွန်းနိုင်သည့်နှုန်းတင် မြေနုများရှိသည်။ ကော့မင်းချောင်းနှင့် ရွာလေးချောင်းသည် သံလွင်မြစ်အတွင်းသို့ စီးဝင်ပါသည်။ ကြွက်များအများအပြား ဖမ်းယူ ရရှိနိုင်ပါသည်။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ

ကျေးရွာတွင် မွန်နှင့် ဗမာလူမျိုးများ နေထိုင်ကြပါသည်။ အိမ်ထောင်စု(၂၄၆)စုရှိပြီး လူဦးရေစုစုပေါင်း(၁၆၁၇)ဦးရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၆–၇)ဦးရှိပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ်သည် စုစုပေါင်း လူဦးရေ၏ ၆၈.၆%တွင်ရှိပြီး အမျိုးသမီးဦးရေထက် အမျိုးသားဦးရေသည် ပိုမိုများပြားပါသည်။ အသက် (၁၅) နှစ်အောက်နှင့် အသက်(၆၀)နှစ်အထက် မှီခိုသူဦးရေ ၃၁.၄%ရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာရှိ အိမ်ထောင်စုများတွင် အမျိုးသားများသည် စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် ကျပန်းလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်ကြပါသည်။ အမျိုးသမီးများသည် စိုက်ပျိုးရာသီအချိန်တွင်ပျိုးနှုတ်၊ ကောက်စိုက်ခြင်း၊ စပါးရိတ်ခြင်း၊ ပဲသိမ်းခြင်းစသည် အလုပ်များကိုလုပ်ဆောင်ကြပြီး

ကျန်သောအချိန်များတွင် ငါးဖမ်းပိုက်ကွန်ယက်ခြင်းနှင့် အိမ်မှုကိစ္စဖြင့်သာအချိန်ကုန်ကြရပါသည်။ ကျေးရွာတွင်းရှိသော လူငယ်အများစုသည် ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ကြပြီး ယင်းဝင်ငွေကို အမှီပြု၍နေထိုင်သော မိသားစုများလည်း ရှိပါသည်။

ကျေးရွာ၏အခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်းအရ ဆင်းရဲသောအိမ်ထောင်စု(၆၁)ရာခိုင်နှုန်းရှိသောကြောင့်ကျေးရွာကို ဆင်းရဲသည်ဟု သတ်မှတ်ကြပါသည်။

စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေအထားသည် စီးပွားရေးအဆင့်အတန်းနှင့် ဆင်းရဲချမ်းသာမညီမျှမှု အချက်အလက်များကို ဖော်ပြပါသည်။ ကျေးရွာ၏ ၆၆%သည် မြေယာမဲ့များဖြစ်ပြီး ဆင်းရဲနှင့် အလွန်ဆင်းရဲသောသူများ၊ အလယ်အလတ်ရှိသော အိမ်ထောင်စုများဖြစ်ကြသည်။ မြေပိုင်ဆိုင်သူ များ၏ ၇၂.၆%သည်၅ဧကအောက်ပိုင်ဆိုင်ကြ၍ အလယ်အလတ်ရှိသောသူများဖြစ်ပြီး ၂၇.၄%သည် ၅ဧကအထက်ပိုင်ဆိုင်ကြပြီး အလယ်အလတ်စားတောင်သူများ ဖြစ်ပါသည်။ ၁၂.၅ဧကအထက် ပိုင်ဆိုင်သူတစ်ဦးသာရှိပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု

စားနပ်ရိက္ခာဖူလုံမှုစစ်တမ်းအရ ဆင်းရဲသော အိမ်ထောင်စု(၁၄၉)ရှိသည်အနက် (၃၉) အိမ်ထောင်စုမှာ ၃လအောက် နှင့် (၆၁) အိမ်ထောင်စုသည် ၃ လ နှင့် ၅ လ အထိ ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပါသည်။ (၄၉)အိမ်ထောင်စုသည် အနည်းဆုံး ၆လစာသိုလှောင်ထားနိုင်ပါသည်။ အိမ်ထောင်စုများသည် ချေးငွေများဖြင့် ရပ်တည်နေကြရပြီး အနည်းဆုံး (၂၀၀၀၀)ကျပ် မှ (၃၀)သိန်းထိ ချေးငှားကြရပါသည်။ ကျန်သောအချိန်များတွင် မိသားစုများသည် ခေါက်ပြန်ကြေးယူ၍သော်လည်းကောင်း၊ ဆွေမျိုးများ၏ပံ့ပိုးမှုဖြင့်လည်းကောင်း၊ သီးနှံကြိုရောင်း၍သော်လည်းကောင်း၊ နိုင်ငံခြားမှပို့ငွေဖြင့်လည်းကောင်း ဝမ်းစာဖြည့်တင်းကြရပါသည်။ အလယ်အလတ်မိသားစုများ၏ ငွေချေးယူမှုသည် ပိုမိုများပြားပြီး ယင်းအကြွေးကို လုပ်ငန်းလုပ်ကိုင်ရန်အတွက် အသုံးပြုကြပါသည်။

မြစ်ရေကြီးခြင်း၊ မြစ်ကမ်းပါးတိုက်စားခြင်း၊ ဆားငံရေဝင်ရောက်ခြင်း၊ ရောဂါပိုးမွှားကျရောက်ခြင်းတို့ကြောင့် မြစ်ကမ်းဘေးနေထိုင်သူများ၊စိုက်ပျိုးရေးလုပ်ကိုင်သူများ၊ ကျပန်းမိသားစုများသည် ထိခိုင်လွယ်မှုမြင့်မားပါသည်။ မုန်တိုင်းတိုက်ခတ်ခြင်းကြောင့် ပင်လယ်တွင်း ငါးဖမ်းစက်လှေသမားများအတွက် ထိခိုက်မှုမြင့်မားပါသည်။ လူငယ်အများစုသည် ထိုင်းနိုင်ငံသို့သွားရောက်အလုပ်လုပ်သည့်အတွက် မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် ရောဂါကူးစက်နိုင်မှုများ ပါသည်။

(ဃ) ကျန်းမာရေး နှင့် အာဟာရ

ကျေးရွာရှိ လူဦးရေ၏သုံးပုံတစ်ပုံသည် သွေးတိုးရောဂါဖြစ်ပွားမှုများရှိပါသည်။ လက်ရှိတွင် ဆေးခန်းပြခြင်း၊ အစားသောက်များဆင်ခြင်ကြခြင်းစသည် တို့ဖြင့် ကာကွယ်မှုများပြုလုပ်ကြပါသည်။ နှစ်စဉ်ဝါဆို၊ ဝါခေါင်လများတွင် သွေးလွန်တုပ်ကွေး၊ ရာသီတုပ်ကွေးများ ဖြစ်ပွားပြီး သေဆုံး

ခြင်းမရှိပါ။ ယခုနှစ်တွင် အနည်းငယ်သာဖြစ်ပွားပြီး (၁)ဦးမှာ ဆေးရုံတက်ခဲ့ရခြင်းများရှိပါသည်။ တီဘီရောဂါဖြစ်ပွားသူ(၁၈)ဦးရှိပြီး ဆေးဝါးကုသမှု ခံယူနေကြပါသည်။ တပေါင်း၊ တန်ခူးလတွင် ရေရှားပါးခြင်းများ ကြုံတွေ့ရပြီး ထိုကာလများတွင် ဝမ်းရောဂါအနည်းငယ်ဖြစ်ပွားကြပါသည်။

(ငါ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

အသက်(၉)နှစ်အထက်ကျေးရွာလူဦးရေ၏ ၃.၇%သည် စာတတ်မြောက်မှုမရှိကြပါ။ ၅.၅%သည် ဘုန်းတော်ကြီးကျောင်တွင် ပညာသင်ကြားခဲ့သူများဖြစ်ပါသည်။ ပညာတတ်မြောက်မှုအနေဖြင့် မူလတန်းပညာပြီးဆုံးသူ ၂၅.၆%၊ အလယ်တန်းပညာပြီးဆုံးသူ ၇.၁%၊ အထက်တန်းပညာပြီးဆုံးသူ ၀.၈% နှင့် ဘွဲ့ရရှိသူ ၀.၆% ရှိပါသည်။ ယခုအခါ အသက် (၅–၉)နှစ် အတွင်း လူဦးရေ (၁၀၈)ဦးရှိသော်လည်း မူလတန်းပညာတက်ရောက်နေသူ(၁၇၆)ဦး၊ ရာခိုင်နှုန်းအားဖြင့် ၁၆၃%ရှိသဖြင့် ကလေးများ ကျောင်းနေနောက်ကျခြင်းကြောင့် အသက်(၉)နှစ်ကျော်သော်လည်း မူလတန်း အဆင့်တွင်ပင်ရှိနေခြင်း၊ အသက်(၁၀–၁၄)နှစ်အတွင်း လူဦးရေ(၁၄၁)ဦးရှိသော်လည်း တက်ရောက် နေသူ(၉၀)ဦး၊ ရာခိုင်နှုန်းအားဖြင့်၆၃.၈%ရှိသဖြင့် အသက်(၁၄)နှစ်ကျော်သော်လည်း အလယ်တန်း အဆင့်တွင်ပင် ရှိနေကြပါသည်။ အချို့မှာအခြားဒေသမှ ရာသီအလိုက်ရွှေ့ပြောင်းလုပ်ကိုင်နေကြသော အိမ်ထောင်စုများ၏သားသမီးများဖြစ်ကြပြီး အချို့မှာထိုင်းနိုင်ငံသို့ မိသားစုအလိုက် ရွှေ့ပြောင်းလုပ်ကိုင်ကြသူများ၏ သားသမီးများ ဖြစ်ပါသည်။ မူလတန်းနှင့် အလယ်တန်းတွင် ၉၀% ကျော်အောင်မြင်မှုရှိကြပြီး အထက်တန်းတွင် ၅၀%သာ အောင်မြင်မှု ရရှိပါသည်။
ကျေးရွာတွင် ပညာရေး၊ ပြည်သူဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူ(၆)ဦးရှိပြီ: တစ်ပိုင်တစ်နိုင် ဝင်ငွေရလုပ်ငန်းအဖြစ် ပန်းပဲလုပ်ငန်း၊ ငါးဖမ်းပိုက်ယက်လုပ်ခြင်း၊ လက်သမား/ပန်းရံလုပ်ခြင်း၊ စက်ချုပ်၊ ဆံပင်ညှပ်ခြင်းနှင့် စက်ဘီး၊ ဆိုင်ကယ်ပြင်ခြင်းစသည်တို့ဖြင့် ဝင်ငွေရှာဖွေသူများရှိပါသည်။ ယာဉ်မောင်းခြင်းဖြင့်လည်း ဝင်ငွေ ရှာဖွေကြပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

ကိုးကွယ်ယုံကြည်မှုဓလေ့ထုံးစံအရ အမျိုးသားများသည် အမျိုးသမီးများထက် ဘာသာရေး၊ လူမှုရေးတို့တွင် ပို၍အရေးပါကြသည်။ သို့သော် ပညာရေးတွင် တန်းတူ အခွင့်အရေးရပါသည်။ ကုံးစိန်ကျေးရွာတွင် တစ်ရက်လျှင် အမျိုးသားတစ်ဦး အလုပ်လုပ်ခ (၄၀၀၀–၅၀၀၀)ကျပ်နှင့် အမျိုးသမီး တစ်ဦးလျှင် (၃၀၀၀– ၃၅၀၀)ကျပ်ရရှိပါသည်။

ငါးဖမ်းစက်လှေများတွင်မူ တာဝန်ယူရမှုပေါ်မူတည်၍ (၅၀၀၀)ကျပ် မှ (၁၀၀၀၀)ကျပ်ထိ ရရှိပါ သည်။ စာမတတ်သူဦးရေတွင် အမျိုးသမီးဦးရေ ပိုမိုများပြားပါသည်။ မူလတန်းအဆင့် တွင် အမျိုးသမီးများပညာသင်ကြားမှုများပြားပြီး အလယ်တန်း၊ အထက်တန်းထိ တက်ရောက်နိုင်မှုတွင် အမျိုးသားဦးရေ ပိုမိုများပြားပါသည်။

အမျိုးသမီးများသည် အမျိုးသားများနည်းတူ ကျေးရွာ၏ဖွံ့ဖြိုးရေးအဖွဲ့အစည်းများတွင် ပါဝင် လှုပ်ရှား ဆောင်ရွက်ကြပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမို ကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာသည် ဘာသာရေးကို အခြေခံ၍ စည်းလုံးညီညွတ်မှု ပျက်ပြားနေသောကြောင့် ကျေးရွာရှိတက်ကြွသော လူငယ်များကိုအခြေခံ၍ ကျေးရွာသူရွာသားအားလုံး ဖွံ့ဖြိုးရေးလုပ်ငန်း အသီးသီးတွင်ပါဝင်လာနိုင်စေရန် ဖန်တီးပေးရမည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် လယ်ဧကများသည် မိုးကောင်းသောက်ဖြစ်သည့်အတွက် မိုးရာသီတွင် စပါးကိုအဓိကထားစိုက်ပျိုးကြပြီး ဆောင်းရာသီတွင် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲပုတ်တို့ကို သီးထပ်စိုက် ပျိုးကြပါသည်။ စိုက်ပျိုးရာတွင် ဒေသမျိုးများကိုသာ စူးထိုး စိုက်ပျိုးကြပါသည်။ ဥယျာဉ်ခြံများတွင် ငှက်ပျော၊ အုန်းနှင့် ကွမ်းသီးတို့အားစိုက်ပျိုးကြပါသည်။ ခရု၊ ကြွက်၊ သီးလုံးဖောက်ပိုးများ ကျရောက်သည်။ နေ့စဉ် ကြွက်များကိုဖမ်းယူ၍ စားသုံးရန် ရောင်း ချကြသည်။ ပိုးသတ်ဆေးများကို အသုံးပြုသော်လည်း ခရုကာကွယ်ရန် နည်းလမ်းမရှိသေးပ။ စိုက်ပျိုးရေအတွက် မြစ်(၃)မြစ် နှင့် ချောင်း(၂)ချောင်း ရှိသည့်အတွက်ရေသွင်းစိုက်ပျိုးရာတွင် ရေလုံလောက်မှုရှိပါသည်။ လက်တွန်း ထွန်စက်များကို အများစု ပိုင်ဆိုင်ကြပါသည်။

ကုန်စိန်ကျေးရွာတွင် နွား၊ ကျွဲ၊ ကြက်၊ ဝက်၊ ဘဲ စသည့် တိရိစ္ဆာန်များကို တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ နွားကို လယ်ယာလုပ်ငန်းခွင်အသုံးပြုရန် နှင့် မြင်းကို သယ်ယူပို့ဆောင်ရန် မွေးမြူကြပါသည်။ မျိုးကောင်းမျိုးသန့် စပ်မျိုးဝက်များနှင့် ဆိတ်များကို မွေးမြူ၍ သားခွဲရောင်းချ ရန်နှင့် အသားရောင်းချရန် မွေးမြူကြပါသည်။ နွားများတွင် ခွာနာ၊လျှာနာရောဂါ များဖြစ်ပွား ပါသည်။ တိရိစ္ဆာန်ရောဂါ ကာကွယ်ခြင်း၊ ကုသခြင်းများအတွက် တိမွေးကုဆရာဝန် နှင့် လက်လှမ်း မီသည်။

သီတင်းကျွတ်လမှ တပိုထွဲလအထိ ပိုက်ချကြပါသည်။ ဥပုဓ်ရက်များတွင် ငါးဖမ်းခြင်းကို ရှောင်ရှား ကြပါသည်။ပုဇွန်၊ ငါးသလောက်၊ ငါးဗျက်၊ ငါးပတ်၊ ငါးနုသန်းစသည့် ငါးများကို ရရှိ ကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာရှိမိသားစုများသည် ပန်းပဲလုပ်ငန်း၊ ငါးဖမ်းပိုက်ယက်လုပ်ခြင်း၊ လက်သမား/ပန်းရံ လုပ်ခြင်း၊ စက်ချုပ်၊ ဆံပင်ညှပ်ခြင်းနှင့် စက်ဘီး၊ ဆိုင်ကယ်ပြင်ခြင်းစသည်တို့ဖြင့် လုပ်ကိုင်ကြပါ သည်။ ပိုက်ချုပ်၊ ပိုက်ယက်ကျွမ်းကျင်သူများ ရှိပြီးအခြားမြို့များ၊ ကျေးရွာများမှ မှာယူကြပါသည်။ ရွာရှိ ထွက်ကုန်များကို တန်ဘိုးမြှင့် ထွက်ကုန်များထွက်ရှိရန် ကျွမ်းကျင်မှုများ လိုအပ်နေပါသည်။

ကျေးရွာအတွင်းရှိ လူငယ်များအလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်သည့်၊ အလုပ်လုပ်နိုင်သည့် စတိုးဆိုင်များပေါများသည့် မော်လမြိုင်မြို့နှင့် (၁၀)မိုင်သာကွာဝေးပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

မြစ်ရေကြီးခြင်းနှင့် ရေတိုက်စားမှုကြောင့် တစ်နှစ်လျှင် ကမ်းပါးများ (၁၀)ပေခန့် ဆုံးရှုံးနေပါသည်။ ကော့မင်းကျွန်းချောင်းသည် လည်းတဖြည်းဖြည်းနှုံးပို့ချခြင်းကြောင့် ကောလာပါသည်။ တောင်ကျရေကျဆင်းခြင်းကြောင့် ကျေးရွာရေလွှမ်းမိုးမှု ဖြစ်သော်လည်း ရက်အနည်းငယ်သာ ကြာပါသည်။ ဆက်သွယ်သွားလာရခက်ခဲသည်မှ လွဲ၍ ထူးထူးခြားခြားပျက်ဆီးမှု မရှိပါ။

(င) ဘဏ် နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ချေးငွေဝန်ဆောင်မှုအနေဖြင့် ကျေးရွာအတွင်းရွာသူ၊ ရွာသားများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပုံစံ(၇)ရှိ လယ်တစ်ဧကလျှင် ၁၀၀၀၀၀/ ကျပ်၊ တစ်ဦးလျှင်အများဆုံး(၁၀)ဧက၊ ယာတစ်ဧကလျှင် ၂၀၀၀၀/ကျပ်ဖြင့် ထုတ်ချေးနိုင်ကြပါသည်။ ကျေးရွာပိုင်ရန်ပုံငွေထားရှိထားပြီး ရွာသူရွာသားများအားထုပ်ချေးပါသည်။ လိုအပ်သောငွေကြေးကို မြစိမ်းရောင်စီမံကိန်း၊ ဆွေမျိုးများနှင့်ရွှေဆိုင်များတွင် ချေးယူရပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာ၏**ပညာရေးကဏ္ဍ** တွင် မူလတန်းကျောင်း၌ တပည့်၊ ဆရာအချိုး (၂၅)ဖြင့် သင်ကြားလျက်ရှိပါသည်။ ကျေးရွာတွင် ဆယ်တန်းအောင်မြင်ပြီးသောသူများသည် မူလတန်းကလေးများအား ကျောင်းချိန်ပြင်ပတွင် စာသင်ကြားပေးလျက်ရှိပါသည်။ စတုတ္ထတန်းတွင် ကျောင်းသား(၄၀)ဖြေဆိုရာ (၂)ယောက်ကျရှုံးပြီး ဒဿမတန်းတွင်(၆)ယောက်ဖြေဆိုရာ(၂) ယောက် အောင်မြင်ပါသည်။ စတုတ္ထတန်းအောင်မြင်သူ အားလုံးသည် အလယ်တန်းပညာကို ဆက်လက်သင်ကြားကြပါသည်။ လူငယ်များနိုင်ငံရပ်ခြားတွင် သွားရောက်လုပ်ကိုင်သူများကို အားကျသဖြင့် ပညာသင်ကြားမှုကို ပိုမို အာရုံစိုက်လာကြပါသည်။

ကျေးရွာတွင် အရပ်လက်သည်(၁)ဦး နှင့် အရန်သားဖွား၁)ဦးရှိပြီးအရန်သားဖွားဆရာမမှ ဆေးဆိုင်ငယ်ဖွင့်ထားပြီး နိုင်ငံခြားဆေးမျိုးစုံရောင်းချပေးပါသည်။ ကာကွယ်ဆေးထိုးခြင်းကို ခရုံကျေးလက်ကျန်းမာရေးဌာနမှ တာဝန်ယူဆောင်ရွက်ပါသည်။ ကျေးရွာတွင် မော်လမြိုင်ဆေးရုံကြီး၌ တာဝန်ကျနေသောဆရာဝန်မှ နေ့စဉ်ညနေ(၄:၀၀)မှည(၈:၀၀)ထိ ကိုယ်ပိုင်ဆေးခန်း ဖွင့်လှစ်ခြင်းကြောင့် ကျန်းမာရေးအခက်အခဲများအား ၎င်းဆေးခန်းများတွင် အလွယ်တကူဖြေရှင်းနိုင်ကြပါသည်။ မဖြေရှင်းနိုင်သောရောဂါများအား ကျေးရွာနှင့် (၁၆)ကီလိုမီတာအကွာ မော်လမြိုင်မြို့ရှိဆေးရုံ၊ ဆေးခန်းများသို့ အလွယ်တကူသွားရောက်ကုသနိုင်ပါသည်။ မော်လမြိုင်တွင် ကုတင်(၅၀၀၊ ၁၀၀၀) ဆေးရုံတည်ရှိပြီး ကိုယ်ပိုင်ဆေးခန်းကြီးများ ဖွင့်လှစ်ထားမှုများရှိပါသည်။ အရေးပေါ်လူနာများအတွက် မွန်မြတ်နှလုံးသား ပိုင်ရှင်အဖွဲ့မှ အရေးပေါ်ကား ကူညီပေးပါသည်။ ထို့ပြင် ကျေးရွာတွင်းရှိ ကားများငှားရမ်းလည်းသွားနိုင်ပါသည်။ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်းမှဌက်ဖျား၊ တီဘီဖြစ်ပွားသူများကို မော်လမြိုင်ဆေးရုံနှင့်ချိတ်ဆက်၍ ရောဂါကုသမှု ခံယူပါသည်။

တပေါင်း၊ တန်ခူးလတွင် ရေခန်းခြောက်မှုနှင့် ကြုံတွေ့ရပါသည်။ စက်ရေတွင်းများရှိခြင်း ကြောင့်ရေလုံလောက်မှု ရှိလာပါသည်။ ရေလိုအပ်ပါက (၄.၈)ကီလိုမီတာအကွာ ညောင်ပင်ဆိပ် ကျေးရွာမှ ရေကားတစ်စည်း ၁၅၀၀၀ကျပ်(ဗီပါ ၃၀)၊ ရေတစ်ထမ်း(၂၀၀–၃၀၀)ကျပ် ဖြင့် ဝယ်ယူကြ ရပါသည်။ အများစုမှာ ယင်လုံအိမ်သာသုံးစွဲကြသော်လည်း တောထိုင်သည့် အိမ်ခြေအနည်းငယ် ရှိပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု ကျေးရွာတွင်လူငယ်များအပန်းဖြေနိုင်ရန်အတွက် ဘောလုံးကွင်း၊ ခြင်းခတ်ကွင်းနှင့် ဘီလိယက်ခုံတို့ရှိပါသည်။ ကျေးရွာတွင်းရှိလူငယ်များသည် မွန်အမျိုးသားနေ့ ကျင်းပခြင်း၊ သင်္ကြန်ပူဇော်ပွဲကျင်းပခြင်း၊ ရွာတွင်းလမ်းများပြုပြင်ပေးခြင်းနှင့် အလှူအတန်း များတွင်တက်ကြွစွာလုပ်ကိုင်ကြသည်။ ရွာတွင်းတွင် နှစ်စဉ် နှစ်တိုင်း ဆီဆွမ်းလောင်းပွဲအား လူငယ် လူရွယ်များနှင့် ရပ်မိရပ်ဖတို့က ဦးဆောင်ကာပြုလုပ်ကြပါသည်။ ကျေးရွာတွင် လွန်ခဲ့သော(၂)နှစ် ခန့်မှစတင်ကာ ကျေးရွာနှစ်ခြမ်းကွဲသွားသော်လည်း ကျေးရွာတွင်းရှိ လူငယ်များသည် ကျေးရွာကို ပြန်လည်စည်းလုံးလိုကြပါသည်။ ဘောလုံးပြိုင်ပွဲများရှိပါက ညောင်ပင်ဆိပ်ရှိ လူငယ်ဘောလုံး အသင်းများနှင့် ပူးပေါင်းကာယှဉ်ပြိုင်ကြပါသည်။

(ဇ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး)

ကျုံစိန်ကျေးရွာသည် ရွာသူရွာသားများကိုယ်တိုင် ကျေးရွာတွင်းလမ်းအားလုံးကို ကွန်ကရစ် လမ်းများ ခင်းထားကြပါသည်။ ကျေးရွာက တစ်နှစ်ပတ်လုံး ကားလမ်းဖြင့် သွားလာနိုင်ပါသည်။

ကျေးရွာတွင် ဆိုလာစနစ်ကို အသုံးပြုကြသော်လည်း ပျက်ဆီးမှုရှိပါက ရွာသူရွာသားများ သည် ပြန်လည် ပြုပြင်ခြင်း မရှိကြတော့ဘဲ စွန့်ပစ်ကြပါသည်။ ဒီဇယ်သုံး အင်ဂျင်စက်ကြီးများဖြင့် ည ၆ မှ ၉ နာရီအထိ တစ်ည ၁၅၀၀ကျပ်နှင့် ရုပ်မြင်သံကြားစက်ရှိပါက တစ်ည ၄၀၀ ဖြင့် မီးပေးကြ သည်။

ကျေးရွာတွင် Ooreedoo နှင့် Telenor ဆင်းကတ်တို့အား အသုံးပြုကြပါသည်။ Ooreedooတာဝါတိုင်သည် ကျေးရွာနှင့် (၁)မိုင်အကွာတွင်ရှိသည့် ခရုံကျေးရွာတွင်စိုက်ထူထားပါ သည်။ လူငယ်များအင်တာနက်သုံးစွဲမှုများရှိကြပါသည်။ ကျေးရွာတွင်းတွင် သဘာဝဘေး အန္တရာယ် နှင့်ပတ်သက်သည့် စီမံခန့်ခွဲမှုကော်မတီဖွဲ့ စည်းထားမှုမရှိပေ။ သို့သော်ရွာတွင်းတွင် အရံမီးသတ် တပ်ဖွဲ့ ဖွဲ့စည်းထားရှိပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူလုံခြုံရေး

အနီးဆုံးရဲစခန်းသည် ကျေးရွာနှင့် (၃) မိုင်အကွာရှိ စက်မှုဇုန်တွင် တည်ရှိသည့်အတွက် လုံခြုံရေးအခြေအနေ အတော်အသင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင်းရှိအရွယ်ရောက်ပြီးသူ လူငယ်အများစုသည်ထိုင်းနိုင်ငံသို့ သွားရောက် လုပ်ကိုင်နေသည့်အတွက် ၎င်းတို့အနေဖြင့်မူးယစ် ဆေးသုံးစွဲမှုကိုလက်လှမ်းမှီနိုင်သကဲ့သို့ ၎င်း၏ပတ်ဝန်းကျင်တွင်ရှိသောလူငယ်၊ လူရွယ်အများစု သည်လည်းလက်လှမ်းမှီနိုင်ပါသည်။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

ကျေးရွာဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကျေးရွာလူထု၏ ဖွံ့ဖြိုးရေးအမြင်များ တိုးတက်လာစေရန် လုပ်ဆောင်ပေးနိုင်မှုနှင့် တက်ကြွစွာ ပူပေါင်းပါဝင်လာစေရန် ဦးစီးဆောင်ရွက်နိုင်မှုတို့မှာ အဓိက အချက်များဖြစ်ပါသည်။ ထို့ကြောင့် ယင်းအဓိကအချက်ကို ဖော်ဆောင်နိုင်မည့်နည်းလမ်းသို့မဟုတ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာရှိထားရန် အရေးကြီးပါသည်။ ကျေးရွာ၏ လက်ရှိ အခြေအနေ၊ရင်ဆိုင်နေရသောအခက်အခဲနှင့် စိန်ခေါ်မှုများမှသည် ရရှိလိုသည့်အခြေအနေသို့ ရောက်ရှိရန် ကြောင်းကျိုးဆက်စပ် ဖော်ဆောင်လုပ်ကိုင်ရပါမည်။

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

လူငယ်လူရွယ်များနှင့်ရွာသူရွာသားများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်ကြခြင်း။

ကျေးရွာတွင် အလုပ်လုပ်နိုင်သူ လူဦးရေ ၆၈.၆%ရှိသည့်အနက်၊ ဘွဲ့ရပညာတတ်(၈)ဦး နှင့် အခြေခံပညာတတ်ကျွမ်းသူလူငယ်များရှိသောကြောင့် အမျိုးမျိုးသောလုပ်ငန်းများအတွက် လုပ်သားအင်အား ရှိခြင်း။

စိုက်ပျိုးမွေးမြူရေးသွင်းအားစုများ၊ စိုက်ပျိုးမွေးမြူရေးနည်းပညာများနှင့် ဝန်ဆောင်မှုများကို ရရှိရန် ချိတ်ဆက်ဆောင် ရွက်ပေးနိုင်သော ဦးဆောင်သူများရှိခြင်း။ ငါးလုပ်ငန်းလုပ်ဆောင်ရန် လိုအပ်သော နည်းပညာ၊ ကျွမ်းကျင်မှုများရှိခြင်း။ တစ်နိုင်တစ်ပိုင် လုပ်ကိုင်နိုင်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန် ကျွမ်းကျင်မှုများ ရှိခြင်း။

အလုပ်အကိုင်၊ အခွင့်အလမ်းရရှိရန် အခွင့်အရေးကောင်းများ(မြို့ပြနှင့်နီးခြင်း၊ လမ်းပန်းဆက်သွယ် ရေးကောင်းမွန်ခြင်း၊ နိုင်ငံရပ်ခြားများ နှင့် အချိတ်အဆက်ရှိခြင်း) ရှိခြင်း။ ကျေးရွာတွင် ချေးငွေရရှိနိုင်သောနေရာများရှိခြင်း။ ရရှိသောထွက်ကုန်များကို ရောင်းချနိုင်သောစျေးကွက် ရှိခြင်း။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျုံစိန်ကျေးရွာရှိ ရွာသူရွာသားများသည် ကိုယ်ပိုင်စဉ်းစားဆင်ခြင်တွေးတောနိုင်သော ဉာဏ်ပညာ အားနည်းကြပါသည်။ မိမိတို့၏ ယုံကြည်အလေးထားမှုပေါ် မူတည်၍ ကျေးရွာတွင် အဖွဲ့များကွဲပြားနေခြင်း။

လယ်ယာလုပ်ငန်းနှင့် ဒေသတွင်းလုပ်ငန်းများမှ ရရှိသောဝင်ငွေသည် တဖက်နိုင်ငံသို့ သွားရောက် လုပ်ကိုင်ခြင်းဖြင့် ရရှိသောဝင်ငွေနှင့် ကွာခြားသောကြောင့် လူငယ်များသည်နည်းလမ်းမျိုးစုံဖြင့် သွားရောက်နေကြသဖြင့် ဒေသတွင်းလုပ်သားရှားပါးခြင်းတို့ ဖြစ်ပေါ်နေခြင်း။

မြို့ပြရှိ အလုပ်အကိုင်အခွင့်အလမ်းများကို ရရှိရန် ကျွမ်းကျင်မှုနှင့်အရည်အသွေး ပြည့်ဝသည့် လုပ်သားများ လိုအပ်နေသေးခြင်း။

ကူးစက်မှုဖြစ်ပွားခြင်း၊ ရောဂါပိုးကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်မသုံးစွဲခြင်း၊ ဈေးနှုန်းများ မြင့်တက်လာခြင်း၊ ဆားငံရေ ဝင်ရောက်ခြင်းတို့ကြောင့် ဝင်ငွေရရှိမှု နည်းပါးခြင်း။

ချေးငွေများကို လိုအပ်သောအချိန်၊ လိုအပ်သော ပမာဏကို မရရှိဘဲ အတိုးနှုန်းမြင့်မားစွာဖြင့် ချေးယူကြရခြင်း။ မူးယစ်ဆေးဝါးလွယ်ကူစွာ ဝယ်ယူရရှိနိုင်ခြင်းကြောင့် ဆေးစွဲမှုကိုကြီး ထွားစေခြင်း။

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျွန်ုပ်တို့သည် မြို့နယ်အဆင့်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အကူအညီဖြင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲသည့်လုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး နောင်ငါးနှစ်အတွင်း လုပ်ကိုင်ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို အောက်ပါအတိုင်း ချမှတ်ခဲ့ပါသည်။

(၁) သီးနှံသားငါးထုတ်လုပ်ရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်လာနိုင်ပြီး ကျေးရွာရှိ မိသားစုများ၏ ဝင်ငွေတိုးတက်လာရေး။

(၂) လူသားစွမ်းရည်ဖွံ့ဖြိုးလာစေပြီး အစုအဖွဲ့ဖြင့်ဆောင်ရွက်သည့် လူထုအခြေပြု အဖွဲ့အစည်းများထွန်းကားလာစေရေး

(၃) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် သန့်ရှင်းရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကျေးရွာမီးလင်းရေးစသည့် လူမှုအခြေခံအဆောက်အဦးများ လက်လှမ်းမီမှု တိုးတက်လာပြီး ကျေးရွာလူထု၏ လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာ စေရေး တို့ ဖြစ်ပါသည်။

(ခ) နည်းဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကျေးရွာသူ၊ ကျေးရွာသားများဖြင့် တွဲဖက်ကာ အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး ဆောင်ရွက်သွားပါမည်။

(၁) တောင်သူများ ဝင်ငွေတိုးတက်လာစေရန်အတွက် ဈေးကွက်ကောင်းသည့် ရာသီသီးနှံများ (ဖရဲ၊ ပန်း၊ ကြက်သွန်၊ ပဲတီစိမ်း) ၊ တို့ကို စိုက်ပျိုးရေး နည်းပညာ ဝန်ဆောင်မှု နှင့် မျိုးကောင်မျိုးသန့်များ လွယ်ကူစွာ ရရှိသုံးစွဲနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများ၊ စိုက်ပျိုးရေး ကုမ္ပဏီများ နှင့် ချိတ်ဆက်လုပ်ဆောင်ရန် ။

(၂) ရေတံတားများ၊ တူးမြောင်းများနှင့် ချောင်းရေတင်စံနစ်များ တည်ဆောက်ပြုပြင်၍ မိုးနှောင်းနှင့်နွေသီးနှံများစိုက်ပျိုးခြင်း(နွေနှမ်း၊ ရေသွင်းပဲတီစိမ်း)။

(၃) စိုက်ပျိုးရေးကုမ္ပဏီကြီးများနှင့်ဆက်သွယ်၍ စက်ယန္တယားများသုံးပြီး မစိုက်ဖြစ်သော မြေများတွင်ဈေးကွက်ဝင်သီးနှံများ (ဈေးကောင်းရ ပြည်ပပို့ကုန်များ ဖြစ်သော ပဲတီစိမ်း၊ မတ်ပဲ) တို့ကို အကျိုးတူစိုက်ပျိုးခြင်း။

(၄) လယ်မြေ၊ ပလပ်မြေများအမြောက်အများရှိသဖြင့် နွား၊ ဆိတ်၊ ကြက်တို့ကို မွေးမြူရေးနည်းပညာများရယူသုံးစွဲ၍ စံနစ်တကျမွေးမြူရန်။

(၅) ပညာရေးဆိုင်ရာ အဆောက်အဦများနှင့် ပစ္စည်းများဖြည့်ဆီးခြင်း၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်ကော်မတီများ တက်ကြွစွာပါဝင်၍ ကျောင်းနေပျော်ပြီး ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးသည့် ကလေးများ ဖြစ်စေရန်။

(၆) ကျန်းမာရေးဆိုင်ရာ အဆောက်အဦ နှင့် ကိရိယာများ ဖြည့်ဆီးခြင်းနှင့် ကျန်းမာရေးအသိဖြင့် နေထိုင်တတ်ရန် ဝန်ဆောင်မှုပေးခြင်း။

(၇) ကျေးရွာရှိ တက်ကြွသော ရွာသူရွာသားများ နှင့် ပညာတတ်လူငယ်များအား ခေါင်း ဆောင်မှု သင်တန်း၊ စီမံခန့်ခွဲရေးသင်တန်း၊ အစုအဖွဲ့ဆိုင်ရာသင်တန်းများ တက်ရောက်စေပြီး ဖွံ့ဖြိုးရေး လုပ်ငန်းများတွင်ပါ ဝင်လုပ်ကိုင်စေခြင်းဖြင့် အနာဂတ်ခေါင်းဆောင်လောင်းများ လေ့ကျင့်ပျိုးထောင်ပေးရန်။

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော်အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှု နှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ်အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

ဤမူဝါဒဆိုင်ရာနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများသည် ကျေးရွာအချို့၏ လိုအပ်ချက်အတွက်သာ ကွက်၍ သက်ရောက်စေခြင်းမဟုတ်ပဲ၊ နိုင်ငံတစ်နံတစ်လျားသို့ သက်ရောက်စေသကဲ့သို့ တိုင်းပြည်၏ရေမြေရာသီကွဲပြားခြားနားသည့် ဒေသများ၏ သီးသီးသန့်သန့် လိုအပ်ချက်များကိုလည်း သက်ရောက်စေပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပံ့မှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူ/သားများကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား

အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်းစသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက် ရရှိမည်ဟု မျှော်လင့်ပါသည်။

(ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

အိမ်ထောင်စုတစ်ခုချင်း၏ စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုတ်နှံရန် ချေးငွေသည် အရေးကြီးပါ သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံတစ်ခုတည်းကိုသာ အဓိက ထားရာမှ ဒေသအလိုက် စိုက်ပျိုးသောသီးနှံများအတွက်ပါ အဆင်ပြေသောအစီအစဉ်ဖြင့် ဆောင်ရွက် ပေးနိုင်ရန် ချိတ်ဆက်ရပါမည်။ ထို့ပြင်ပုဂ္ဂလိကကဏ္ဍမှငွေကြေးဆိုင်ရာအဖွဲ့အစည်းများ ကျယ်ကျယ် ပြန့်ပြန့်ပါ ဝင်ဆောင်ရွက်နိုင်ရန် ချိတ်ဆက်တင်ပြရပါမည်။

မြစိမ်းရောင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေ

ငါးလုပ်ငန်းဦးစီးဌာနသည် ကျေးရွာသူ/သားများ မိသားစုဝင်ငွေတိုးတက်စေရန် ရေလုပ်ငန်း လုပ်ကိုင်နေသောမိသားစုများအတွက် မြစိမ်းရောင်လည်ပတ်ရန်ပုံငွေကော်မတီကို ဖွဲ့စည်းပြီး ငွေကျပ် သိန်းသုံးရာ ပံ့ပိုးပေးခဲ့ပါသည်။ ကော်မတီသည် ငါးလုပ်ငန်းလုပ်ကိုင်သူများအား ထုတ်ချေး ပေးပါသည်။ ချေးငွေကာလမှာ(၁၂လ)ဖြစ်ပါသည်။ အတိုးနှုန်းမှာ ငွေ၁၀၀ကျပ်လျှင် ၁.၅၀ကျပ်တိုး ဖြစ်ပြီး ကော်မတီသို့ (၃)လတစ်ကြိမ် အရင်းနှင့်အတိုးကို အချိုးကျပြန်လည် ပေးသွင်းရပါသည်။ တစ်နှစ်ပြည့်ပါက ချေးငွေအားလုံး ပြန်လည်ပေးဆပ်ရပြီး နောက်တဖန် ပြန်လည်ထုတ်ချေးပါသည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာ နှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ခုမှာ စိုက်ပျိုးထုတ်လုပ်သူ တောင်သူ များ၏ ဈေးကွက်ဆိုင်ရာသဘောသဘာဝများ သိရှိမှုအားနည်းခြင်းဖြစ်သည်။ သို့ဖြစ်၍ ဈေးကွက် ဖော်ဆောင်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ ပံ့ပိုးမှု ရရှိရန် တင်ပြ ချိတ်ဆက်ရပါမည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာ သင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေး ဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန်လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်း များ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည် မြှင့်တင်ခြင်း များဖြင့် ချိတ် ဆက်ရန်လိုအပ်ပါသည်။

ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်း တနိုင် တပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေရရှိမှုကို မြင့်မား လာစေမည် ဖြစ်ပါသည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်ဆိုသည်မှာ ချမှတ်ထားသည့်ဗျူဟာကို လုပ်ငန်းအဖြစ် အောက်ခြေတွင် ဆောင်ရွက်သည့် အလုပ်ဖြစ်သည်။ စီမံကိန်းကာလ(၅)နှစ်တာအပြီးတွင် ချမှတ်ထားသည့်ပန်းတိုင်ရောက်ရှိရေးအတွက် စီမံချက်အသီးသီးတို့ကို အစီအစဉ်တကျ ချိတ်ဆက်ဆောင်ရွက်သွားရပါမည်။

(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်းငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင်များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့်သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစားဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်း လည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ/သား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ-

စဉ်	ကဏ္ဍ/ အကြောင်းအရာ	စီမံချက်	ဦးစားပေး ရမှတ်	ဦးစားပေး အဆင့်	စီမံချက် အခွင့်အလမ်း နှင့် ဖော်ပြချက်	မှတ်ချက်
၁။	စီမံအုပ်ချုပ်မှုစနစ်	၁။ကျေးရွာအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြင့်မားလာအောင် ဆောင်ရွက်ခြင်း။	၆၈	၉	• ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်း၍ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး သဘောတရားနှင့် လက်တွေ့အတွေ့အကြုံများရရှိစေပြီး လူထုအခြေပြု အဖွဲ့များခိုင်မာ တောင့်တင်းအောင်ဆောင်ရွက်ခြင်း ➢ အဖွဲ့စည်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး သဘောတရား သင်တန်းပို့ချပေးခြင်း၊ ➢ ကျေးရွာစီမံချက်များလက်တွေ့အကောင်ထည်ဖော်လေ့ကျင့်စေခြင်း	
၂။	စိုက်ပျိုးရေး	၂။ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများ တိုးတက်လာအောင် ဆောင်ရွက်ခြင်း (စပါး၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲပုတ်)	၇၉	၅	• ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ➢ ဘက်စုံပိုးမွှား ရောဂါကာကွယ်ရေးနည်းပညာပေးခြင်း။ ➢ ပိုမိုကောင်းမွန်သောစိုက်ပျိုးနည်းစနစ်များအသုံးပြု၍ တိုးတက်စိုက်ပျိုးထုတ်လုပ်ခြင်း။	
၃။	**မွေးမြူရေး**	၃။ တိရစ္ဆာန်မွေးမြူရေးနှင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ နည်းပညာ ဝန်ဆောင်မှုပေးခြင်း။	၇၅	၆	• မွေးမြူရေးဆိုင်ရာနည်းပညာနှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း ➢ မွေးမြူရေးအဖွဲ့ဖွဲ့စည်းခြင်း၊ ➢ ရောဂါကာကွယ်ကုသနည်းသင်တန်းပေးခြင်း ➢ ကာကွယ်ဆေးပုံမှန်ထိုးခြင်း၊ • ချေးငွေရရှိနိုင်သော နေရာများနှင့်ချိတ်ဆက်ခြင်း	
၄။	ပညာရေး	၄။ ပညာ သင်ကြားမှု ဆိုင်ရာ ဝန်ဆောင်မှုများပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်ခြင်း	၈၅	၂	• မိဘဆရာအသင်းကိုအောက်ပါစွမ်းရည်များတိုးတက်အောင်ဆောင်ရွက်ခြင်း ➢ မူလတန်းကျောင်း၏သင်ကြားမှုအခြေအနေတိုးတက်ရေးစီမံချက်ရေးဆွဲခြင်း ➢	

စဉ်	ကဏ္ဍ/ အကြောင်းအရာ	စီမံချက်	ဦးစားပေးရမှတ်	ဦးစားပေးအဆင့်	စီမံချက် အခွင့်အလမ်း နှင့် ဖော်ပြချက်	မှတ်ချက်
		၅။မိဘဆရာအသင်း၏ စွမ်းရည်များ တိုးတက်အောင်ဆောင်ရွက်ခြင်း			➢ အထက်ပါစီမံချက်အကောင်ထည်ဖော်ရေးအစီစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည် ဖော်ခြင်း • ကျေးရွာသူသားများ ပြည့်စုံကောင်းမွန်သော သင်ကြားမှုဆိုင်ရာဝန်ဆောင်မှု များအားလက်လှမ်းမီရေး ➢ ဆရာ၊ဆရာမဦးရေ ➢ ပရိဘောဂ စသည်	
၅။	ကျန်းမာရေး	၆။ ကျန်းမာရေး ပြုစုစောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများ ပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်ခြင်း ၇။ ကျေးရွာသန့်ရှင်းသာယာရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း	၈၉	၁	• ကျေးရွာလူထုအား အခြေခံ ကျန်းမာရေးဗဟုသုတများမြှင့်တင်ပေးခြင်း • ကျန်းမာရေးဆိုင်ရာ အရေးပေါ်ကိစ္စများအတွက် လမ်းပန်းဆက်သွယ်ရေး ပို့ဆောင်ရေးဝန်ဆောင်မှုများ တိုးတက်အောင်ဆောင်ရွက်ရန် • ရေစီးရေလာကောင်းမွန် ရန်စီစဉ်ခြင်း • ကျေးရွာတွင်စုပေါင်းသန့်ရှင်းရေးများ ပြုလုပ်ခြင်း	
၆။	စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဖွံ့ဖြိုးရေးလုပ်ငန်း	၈။ဒေသထွက်ကုန်များအခြေခံသော ကုန်ချောထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုများ၊ ဖွံ့ဖြိုးရေးအတွက် အထောက်ကူပြုမည့် အခြေအနေကောင်းများ ရရှိအောင် ဆောင်ရွက်ခြင်း။	၇၀	၈	• အောက်ပါလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှု တိုးတက်အောင်ဆောင်ရွက်ခြင်း ➢ သစ်သီးများကြာရည်ခံအောင်ထုတ်လုပ်သည့် စက်ရုံများထူထောင်နိုင်ရန် ➢ ရော်ဘာအခြေခံထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုလုပ်ငန်းများ ➢ ဝါးအခြေခံလက်မှုလုပ်ငန်းများ	
၇။	လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစား	၉။ လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး နှင့်မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေးအစီအစဉ်များဆောင်ရွက်ခြင်း	၇၂	၇	➢ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကန်းများရေးဆွဲအကောင်ထည်ဖော်ခြင်း၊ ➢ ပညာသင်ကြားမှုအရည်အသွေးများတိုးတက်အောင်ဆောင်ရွက်ခြင်း ➢ လူငယ်အားကစားဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်း	

စဉ်	ကဏ္ဍ/ အကြောင်းအရာ	စီမံချက်	ဦးစား ပေး ရမှတ်	ဦးစား ပေး အဆင့်	စီမံချက် အခွင့်အလမ်း နှင့် ဖော်ပြချက်	မှတ်ချက်
					➢ ရိုးရာဂီတနှင့်အနုပညာများတိုးတက်အောင် ဆောင်ရွက်ခြင်း ➢ သက်ဆိုင်ရာဌာနဆိုင်ရာများ နှင့် ချိတ်ဆက်၍ ဥပဒေအတိုင်း ဆောင်ရွက် ခြင်း။ ➢ မူးယစ်ဆေးဝါးဆန့်ကျင်ရေး နှင့်ပတ်သက်သော စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်ခြင်း။	
၈။	လျှပ်စစ်	၁၀။လျှပ်စစ်မီးသွယ်တန်းနိုင်ခြင်း ဖြင့် ကျေးရွာမီးလင်းရေး ရရှိအောင် ဆောင်ရွက်ခြင်း။	၈၀	၄	• ကျေးရွာတွင်း မီးလင်းရေးကော်မတီကို စနစ်တကျဖွဲ့စည်း၍ သက်ဆိုင်ရာ ဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း • မီးလင်းရေးကော်မတီမှဦးဆောင်၍ ရွာသူ/သားများငွေကြေးအားဖြင့် ပူးပေါင်းပါဝင်မှုရရှိအောင်ဆောင်ရွက်ခြင်း ကျေးရွာတွင်းမီးလင်းရေး ကော်မတီကို စနစ်တကျဖွဲ့စည်း၍သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း	ကျေး လက် ဦးစီး
၉။	အခြေခံ အဆောက်အဦး	၁၁။ တံတားဆောက်လုပ်ခြင်းဖြင့် ဆက်သွယ်သွားလာမှုပိုမိုကောင်း မွန်စေရန် ဆောင်ရွက်ခြင်း။	၈၃	၃	• ကျေးလက်ဦးစီးဌာန နှင့် ချိတ်ဆက်၍ ➢ တံတားဆောက်လုပ်ခြင်း	ကျေး လက် ဦးစီး

(ဃ) အကောင်အထည်ဖော် မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	ဦးစားပေး အဆင့်	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁	ကျန်းမာရေး ပြုစုစောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများ ပြည့်စုံကောင်းမွန်အောင် ဆောင်ရွက် ခြင်း	၁	√	√	√	√	√
၂	ကျေးရွာသန့်ရှင်းသာယာရေး လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်ခြင်း	၁	√				
၃	ပညာ သင်ကြားမှု ဆိုင်ရာ ဝန်ဆောင်မှုများပြည့်စုံကောင်းမွန် အောင်ဆောင်ရွက်ခြင်းး	၂		√			
၄	မိဘဆရာအသင်း၏စွမ်းရည် များ တိုးတက်အောင် ဆောင် ရွက်ခြင်း	၂	√	√	√	√	√
၅	တံတားဆောက်လုပ်ခြင်းဖြင့် ဆက်သွယ်သွားလာမှု ပိုမို ကောင်းမွန် စေရန် ဆောင်ရွက်ခြင်း။	၃	√				
၆	လျှပ်စစ်မီးသွယ်တန်းနိုင်ခြင်းဖြင့် ကျေးရွာမီးလင်းရေး ရရှိအောင် ဆောင်ရွက်ခြင်း။	၄	√				
၇	စိုက်ပျိုးရေးဆိုင်ရာ နည်း ပညာဗဟုသုတ၊ ကျွမ်းကျင် မှု များ တိုးတက်လာအောင် ဆောင်ရွက်ခြင်း(စပါး၊ ပဲတီစိမ်း၊မတ်ပဲ၊ပဲပုတ်)	၅	√				
၈	တိရိစ္ဆာန်မွေးမြူရေး နှင့် ကာကွယ် စောင့်ရှောက်မှုဆိုင်ရာ နည်းပညာ ဝန်ဆောင်မှုပေးခြင်း။	၆	√	√	√	√	√
၉	လူငယ်များဖွံ့ဖြိုးတိုးတက်ရေးနှင့် မူးယစ်ဆေးဝါး အန္တရာယ်ကာကွယ် ရေး အစီအစဉ်များဆောင်ရွက်ခြင်း	၇		√	√	√	√

စဉ်	စီမံချက်	ဦးစားပေး အဆင့်	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁၀	ဒေသထွက်ကုန်များအခြေခံ သော ကုန်ချော ထုတ် လုပ်မှုနှင့် ရောင်း ဝယ်မှုများ၊ အတွက် အထောက် ကူပြုမည့် အခြေနေ ကောင်းများ ရရှိအောင် ဆောင်ရွက်ခြင်း။	၈	√	√	√	√	√
၁၁	ကျေးရွာအဖွဲ့အ စည်း များ ၏ စွမ်းဆောင် ရည် မြင့်မား လာအောင် ဆောင်ရွက်ခြင်း။	၉	√	√	√	√	√

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ဘက်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘက်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ် ကုန်ကျ နိုင်မည့် ဘက်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေး အကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘက်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သား အင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမာန် အသုံး စရိတ်	ငွေလုံးငွေရင်းအသုံး စရိတ်		လူသား ချင်းစာနာမှု အထောက် အပံ့
				ငွေလုံး ငွေရင်း	စွမ်းဆောင် ရည် မြှင့်တင်ရေး	
၁	ကျန်းမာရေး ပြုစုစောင့်ရှောက် မှုနှင့် ဝန်ဆောင်မှုများ ပြည့်စုံ ကောင်းမွန်အောင် ဆောင်ရွက် ခြင်း					
၂	ကျေးရွာသန့်ရှင်းသာယာရေး လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်ခြင်း					
၃	ပညာသင်ကြားမှု ဆိုင်ရာ ဝန် ဆောင်မှုများ ပြည့်စုံကောင်း မွန်အောင်ဆောင်ရွက်ခြင်း					
၄	မိဘဆရာအသင်း၏ စွမ်းရည် များ တိုးတက်အောင် ဆောင် ရွက်ခြင်း					

ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	သာမာန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်း	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၅	တံတားဆောက်လုပ်ခြင်းဖြင့် ဆက်သွယ်သွားလာမှု ပိုမို ကောင်းမွန်စေရန် ဆောင်ရွက်ခြင်း။					
၆	လျှပ်စစ်မီးသွယ်တန်းနိုင်ခြင်း ဖြင့် ကျေးရွာမီးလင်းရေး ရရှိအောင် ဆောင်ရွက်ခြင်း။					
၇	စိုက်ပျိုးရေးဆိုင်ရာ နည်း ပညာဗဟုသုတ၊ ကျွမ်းကျင်မှု များ တိုးတက်လာအောင် ဆောင်ရွက်ခြင်း (စပါး၊ ပဲတီစိမ်း၊မတ်ပဲ၊ပဲပုတ်					
၈	တိရိစ္ဆာန်မွေးမြူရေးနှင့် ကာကွယ် စောင့်ရှောက်မှု ဆိုင်ရာ နည်းပညာ ဝန်ဆောင်မှုပေးခြင်း။					
၉	လူငယ်များဖွံ့ဖြိုးတိုးတက်ရေး နှင့် မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်ရေးအစီအစဉ်များ ဆောင်ရွက်ခြင်း					
၁၀	ဒေသထွက်ကုန်များအခြေခံ သော ကုန်ချောထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုများအတွက် အထောက်အကူပြုမည့် အခြေအနေကောင်းများ ရရှိအောင် ဆောင်ရွက်ခြင်း။					
၁၁	ကျေးရွာအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြင့်မားလာအောင် ဆောင်ရွက်ခြင်း။					

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင် အကောင်အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ - မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထား သော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာန ဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ် များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ

ကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျုံစိန်ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက် နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့ အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက် မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို သုံးလပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံချက် လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်း အချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ သုံးလပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေး တွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ပါမည်။ သုံးလပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- သုံးလပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် သုံးလပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာန များသို့ အစီရင်ခံ ပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်စုံမှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ -

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

အခန်း (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

၁.၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု	ကျား	မ	စုစု ပေါင်း	စုစုပေါင်း %	ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ
၁ နှစ်အောက်	၁၃	၂၀	၃၃	၂ %	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၅၄	၇၆	၁၃၀	၈ %	၅နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၆၃	၄၆	၁၀၈	၆.၇ %	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၇၅	၆၆	၁၄၁	၈.၇ %	အလယ်တန်းကျောင်းသားအရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၅၆၉	၅၄၀	၁၁၀၉	၆၈.၆ %	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ် နှင့်အထက်	၃၈	၅၇	၉၅	၆ %	သက်ကြီးရွယ်ကြီး
စုစုပေါင်း	**၈၁၂**	**၈၀၅**	**၁၆၁၇**		
စုစုပေါင်း အိမ်ထောင်စု			**၂၄၆**		
ဗျမ်းမျှ အိမ်ထောင်စု အရွယ်အစား			**၆–၇**		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၉–၁၁ရက်၊ ၉ လ၊ ၂၀၁၅နှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)

(၂၀၁၄ သန်ခေါင်စာရင်းမှ ယူသည်/ တစ်အိမ်တက်ဆင်း/ ကျန်းမာရေးဌာန စသည်)

လေ့လာတွေ့ရှိချက်။ ။ ကျံုစိန်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၅၅) စု ရှိပါသည်။ သို့သော် လက်ရှိတွင် (၂၄၆) စုသာနေထိုင် ကြပြီး အိမ်ထောင်စု (၉) စုသည် နိုင်ငံခြားသို့ပြောင်းရွှေ့သူများနှင့် အိမ်ရှိ၍ လူမနေသူများဖြစ်ကြပါသည်။ လူဦးရေစုစုပေါင်းမှာ (၁၆၁၇)ဦးရှိပါသည်။ အမျိုးသား ဦးရေသည် အမျိုးသမီးဦးရေထက်အနည်းငယ်သာပိုပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်သည် စုစုပေါင်းလူဦးရေ၏ ၆၈.၆ % ရှိပြီး (၁၅) နှစ်အောက်လူဦးရေနှင့် အသက် (၆၀) နှစ်အထက် မှီခိုသူလူဦးရေ စုစုပေါင်းသည် ၃၁.၄ % ရှိပါသည်။ တစ်အိမ်ထောင်လျှင် ဗျမ်းမျှလူဦးရေ (၆–၇)ယောက်ရှိပါသည်။

၁.၂ အလုပ်လုပ်နိုင်သူ အင်အား

ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
၁	***စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)***				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား	၈၃	၃၃.၈	၁	လယ်(၇၃)၊ ကိုင်း/ခြံ(၁၀)

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အရေအတွက်	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
၂	***တိရစ္ဆာန် မွေးမြူရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၁	၀.၄		ဝက်မွေးမြူခြင်း
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၃	***ငါးဖမ်း လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း	၅၆	၂၂.၈		တံငါ (၅၆)
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၄	***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၅	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၀.၄	၄၁	ပန်းဘဲ (၁)၊ ငါးဖမ်းပိုက်ယက်လုပ်(၄၁)
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၆	***လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး***				
	ကိုယ်ပိုင် လုပ်ငန်း			၂	ဒီဇယ်အင်ဂျင် နှင့် မီးပေး
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၇	***ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း	၂	၀.၈	၁၉	လက်သမား/ပန်းရံ/ပန်းပဲ(၂၁)
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၈	***ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း			၁	ဆိုင်ကယ်ပြင်(၁)
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
၉	***ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၀	***လက်လီ-လက်ကား ရောင်းဝယ်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၅	၂.၀	၁၂	လက်လီစျေးသည်(၁၀)၊ ခေါင်းရွက်ဗျတ်ထိုး(၅)၊ အရောင်းအဝယ်(၂)
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၁	***ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း			၄	လှ္ဘက်ရည်ဆိုင်
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၂	***ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း			၃၄	ကူးတို့ ၂၊ ဆိုင်ကယ် ကယ်ရီ(၃၂)၊
	အလုပ်သမား၊ ကျပန်း၊	၁	၀.၄		အင့်ါးယာဉ်မောင်း
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၃	***ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၄	***အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား	၂	၀.၈	၁	ကျောင်းအုပ်ဆရာမကြီး၊ ပင်စင်စား(၂)၊ စာရေး(၁)
	မိသားစုဝင် လုပ်အား				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
၁၆	***ပညာရေး***				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား	၁	၀.၄	၂	ကျောင်းဆရာမ ၃
၁၇	***ကျန်းမာရေး***				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၁၈	***လူမှုရေး လုပ်ငန်းများ***				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၁၉	**အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)**				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား	၉၄	၃၈.၂		ကျပန်း
၂၀	**ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
	စုစုပေါင်း	၂၄၆	၁၀၀%	၁၁၇	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၉–၁၁ရက်၊ ၉ လ၊ ၂၀၁၅နှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)

လေ့လာတွေ့ရှိချက်။ ။ ……

၁.၃ သဘာဝ အရင်းအမြစ်များ

၁.၃.၁ စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၃၁၈	သင့်	ရရှိ	မြစ်ရေ/ မိုးရေ/ ချောင်းရေ
ဥယျာဉ်ခြံမြေ	၂၅	သင့်	-	မြစ်ရေ၊ တွင်းရေ
ကိုင်း/ကျွန်းမြေ	၅၀၀	ကောင်း	-	မြစ်ရေ၊ တွင်းရေ
ပလပ်မြေ	၁၁၀	သင့်	ရရှိ	မြစ်ရေ/ မိုးရေ/ ချောင်းရေ
စားကျက်မြေ				
အိမ်ခြံဝင်းစိုက်ခင်း အခြား				
စုစုပေါင်း	**၉၅၃**			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၉–၁၁ရက်၊ ၉ လ၊ ၂၀၁၅နှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)

မှတ်ချက်။ ။ရေရှိသည့်နေရာအမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ လေ့လာတွေ့ရှိချက်။ ။ ပလပ်မြေ ၁၁၀ ဧကသည် ဆားငံရေဝင်ရောက်ခြင်း နှင့် ရေလွှမ်းမိုးခြင်း ကြောင့် အစိုက်ပျိုးဘဲ ထားရှိသောမြေများ ဖြစ်ပါသည်။

၁.၃.၂ ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန် (ဓါတ်ငွေ့/ရေနံ)	-	-
ဓါတ်သတ္တု (ကျောက်မျက်၊သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊သဲ)	-	-
စသည့် အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	များ	လွယ်
အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	နည်း	ခက်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၉–၁၁ရက်၊ ၉ လ၊ ၂၀၁၅နှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ငါးမျိုးစုံတို့ကို အလွယ်တကူ ဖမ်းယူရရှိနိုင်ပါသည်။ ထို့ပြင် ကျေးရွာတွင်းရှိလယ်ကွင်းများတွင် ကြွက်များအများအပြား ဖမ်းယူရရှိနိုင်ပါသည်။ အပင်မျိုးစိတ်များ အနေဖြင့် အလေ့ကျပေါက်ပင်များ သာရှိပါသည်။

၁.၄ ဥစ္စာဓန အဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	လယ် ၅ ဧကအထက် ကိုယ်ပိုင်ခြံမြေ	လယ် ၁ ဧကမှ ၅ ဧကထိ ကိုယ်ပိုင်ခြံမြေ	ကိုယ်ပိုင်ခြံမြေ လယ်မရှိ	မြေယာပိုင်ဆိုင်မှုမရှိ သူများခြံငှားနေ
အိမ်အခြေအနေ	တိုက်အိမ်၊ သွပ်မိုး၊ ပျဉ်ခင်း၊ ကြွေပြားခင်း၊	သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ ပျဉ်ထောင်အိမ်	ပျဉ်ခင်း၊ ဖက်မိုး၊ ထရံကာ	ဖက်မိုး၊ ထရံကာ၊ ကွမ်းသီးတိုင်
လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု	ပိုက်၊ လှေ၊	ပိုက်၊ လှေ	လှေ	
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု	ဆိုင်ကယ် (၉) သိန်းအထက်	ဆိုင်ကယ်	(၃) သိန်းတန် ဆိုင်ကယ်	
အခြားပိုင်ဆိုင်မှု	နိုင်ငံခြားသွားသူများရှိ	နွား၊ ဆိတ်၊ ဝက်မွေးထား	ကျပန်း	ကျပန်း
	(၂၂) ၈%	(၇၅) ၃၁%	(၁၀၁) ၄၁%	(၄၈) ၂၀%

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၉–၁၁ရက်၊ ၉ လ၊ ၂၀၁၅ခုနှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)

၁.၅ ထိခိုက်လွယ်မှု

၁.၅.၁ ဝမ်းစာ ဖူလုံမှု

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၃၉	၂၆ %	အကြွေး၊ ဆွေမျိုးများ ထောက်ပံ့
၃ လနှင့် ၅ လအထိ	၆၁	၄၁%	
၆လ မှ ၁၂လအထိ	၄၉	၃၃ %	အကြွေးယူ၊ ဆွေမျိုးများ ထောက်ပံ့

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၉–၁၁ရက်၊ ၉ လ၊ ၂၀၁၅ခုနှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)

လေ့လာတွေ့ရှိချက်။ ။ .....

၁.၅.၂ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို ဖြစ်နှစ် နှင့် အထက်	မိသားစုစောင့်ရှောက်မှုမရှိ	၂	၄	၆
မသန်စွမ်းသည့် ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှု မရှိ			
		အိမ်ထောင်စုအရေအတွက်		
အမျိုးသမီးဦးဆောင် သောအိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ		၈	
မုဆိုးဖို / တစ်ခုလပ်	ဆင်းရဲ၍မိသားစုဦးရေများ		-	
ဆင်းရဲသည့် အိမ်ထောင်စု	အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသူ		-	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၉–၁၁ရက်၊ ၉ လ၊ ၂၀၁၅နှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အသက်ဖြ၀ကျော် အဖိုး(၂)ဦး၊ အဖွား(၄)ဦးသည် မိသားစု စောင့်ရှောက်မှုမရှိသောသူများ ဖြစ်ပါသည်။ ၎င်းအဖိုးအဖွားများသည် နဲ့မှုတ်၊ ငါးရှာစသည့် လုပ်ငန်းများလုပ်ကိုင်ခြင်းဖြင့် ဝမ်းစာအတွက် ဖြေရှင်းကြပါသည်။ အိမ်နီးချင်းများမှလည်း စားစရာပို့ပေးခြင်း၊ အိမ်ပြုပြင်ပေးခြင်းများလုပ်ဆောင်ပေးကြပါသည်။ မိသားစုများနှင့်အတူနေထိုင်ပြီး ကျပန်း၊ စပါးရိတ်၊ အနှိပ်သည်၊ ခေါင်းရွက်ဗျက်ထိုးရောင်းခြင်း၊ ပဲစိုက်စသည့်လုပ်ငန်းများ လုပ်ဆောင်၍ မိသားစု စားဝတ်နေရေးများအား ဖြေရှင်းကြပါသည်။

၁.၅.၃ ကျေးရွာရှိ ထိခိုက်လွယ်မှု ဖြစ်နိုင်သည့် လူဦးရေ

ဇယား (၈) ကျေးရွာရှိထိခိုက်လွယ်မှုဖြစ်နိုင်သည့်လူဦးရေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/ မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်	ကျပန်းလုပ်ကိုင်သည့်သူများ
၂	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ...)	မြင့်	တံငါသည်၊ ကျပန်း
၃	ရေကြီးခြင်း	မြင့်	မြစ်ကမ်းနားနေထိုင်သည့်သူများ၊ မြေနိမ့်ပိုင်းနေထိုင်သူများ၊စပါးစိုက်ပျိုးသည့်တောင်သူများ
၄	မိုးခေါင်ခြင်း	နိမ့်	ကြုံတွေ့ခဲပါသည်။
၅	မုန်တိုင်း	လတ်	တစ်ခါတစ်ရံကြုံတွေ့နိုင်
၆	ငလျင်	နိမ့်	-
၇	မီးဘေး	နိမ့်	ကြုံတွေ့ခဲပါသည်။

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၈	ဆားငံရေဝင်မြေ	လတ်	ချောင်းနှင့်နီးသည့်စိုက်ခင်းများတွင်စိုက်ပျိုးထားသည့်တောင်သူများအနေဖြင့် ကြုံတွေ့နိုင်ပါသည်။
၉	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	မြင့်	မြစ်ကမ်းနားနေထိုင်သည့်သူများအနေဖြင့်ကမ်းပါးတိုက်စားမှုကြောင့် မြေပြိုမှုနှင့်ကြုံတွေ့ရနိုင်ပါသည်။ ဆားငံရေဝင်ရောက်မှုရှိသဖြင့်တောင်သူများအနေဖြင့်မြေဆီလွှာပျက်ယွင်းမှုအန္တရာယ်နှင့်လည်း ကြုံတွေ့နိုင်ပါသည်။
၁၀	သစ်တောပြုန်းတီးခြင်း	နိမ့်	-
၁၁	ငှက်ဖျားရောဂါ	နိမ့်	ငှက်ဖျားရောဂါထူပြောသည့်ဒေသမဟုတ်သည့်အတွက်ဖြစ်နိုင်ချေနည်းပါးပါသည်။
၁၂	တီဘီရောဂါ	နိမ့်	ဖြစ်ပွားမှုနှုန်းနည်းပါသည်။
၁၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့်	ကျေးရွာတွင်းရှိလူငယ်အများစုသည် ထိုင်းနိုင်ငံသို့သွားရောက်အလုပ်လုပ်သည့်အတွက်ရောဂါကူးစက်နိုင်မှုများပါသည်။
၁၄	ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းခံရ သူများ	–	
၁၅	လူကုန်ကူးခြင်း	မြင့်	အခြားဒေသသို့သွားရောက်လုပ်ကိုင်သည့်လူငယ်များအား အားကျသောလူငယ်များအနေဖြင့်အန္တရာယ်ရှိနိုင်ပါသည်။
၁၆	ဝေးလံခေါင်သီ/ လမ်းပန်းဆက်သွယ်ရေးခက်ခဲ စသည်	–	
၁၇	အခြား	–	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၉–၁၁ရက်၊ ၉ လ၊ ၂၀၁၅နှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)

၁.၅.၄ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မြင့်	အခြားဒေသများသို့သွားရောက်အလုပ်လုပ်သည့်အတွက်အရက်၊မူးယစ်ဆေးဝါးနှင့်ရောဂါပိုးကူးစက်မှုများရှိနိုင်ပါသည်။

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု	မြင့်	သားသမီးများခြင်း၊စားနပ်ရိက္ခာ မဖူလုံမှုနှင့်ကျန်းမာရေးစောင့် ရှောက်မှုမလုံလောက်ခြင်းတို့နှင့် ကြုံတွေ့ရနိုင်ပါ သည်။
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့်	ဆားငံရေဝင်ရောက်ခြင်း၊ သဘာဝဘေးအန္တရာယ်ကျရောက် ခြင်းနှင့်သီးနှံပိုးမွှားများ ကျရောက်ခြင်း၊ဈေးကွက် မတည်ငြိမ်ခြင်းတို့နှင့် ကြုံတွေ့ရနိုင်
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင် သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြော သောဒေသ	မြင့်	မြစ်ရေကြီးခြင်း၊ဆားငံရေဝင် ရောက်ခြင်း၊တုပ်ကွေးရောဂါ ထူပြောခြင်း၊
၅	မြစ်ကမ်းဘေးနေလူထု	မြင့်	မြစ်ရေကြီးချိန်တွင်ဆုံးရှုံးမှု များနှင့်ကြုံတွေ့ရနိုင်
၆	မတော်မဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident)	မြင့်	ငါးဖမ်းလှေထွက်ချိန်မြစ်ထဲတွင်မု နှတိုင်း/မြစ်ရေကြီးခြင်းနှင့်ကြုံ တွေ့ရနိုင်။
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရ သူများ (IDP)		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ		
၉	ငါးကန်ပိုင်ရှင်		
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	မြင့်	စားနပ်ရိက္ခာမဖူလုံမှု ။
၁၁	လူနည်းစုလူမျိုးများ		
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာ		
၁၃	နယ်စပ်ဒေသ		
၁၄	ရွှေတွင်းလုပ်သား		
၁၅	ဆေးစွဲသူများ	မြင့်	လူငယ်အများစုသည်ထိုင်းနိုင်ငံ သို့သွားရောက်အလုပ်လုပ်သည့် အတွက်ထိခိုက်မှုရှိနိုင်။
၁၆	ကူးစက်ရောဂါဖြစ်နိုင်ခြေရှိသောသူများ	မြင့်	လူငယ်အများစုသည်ထိုင်းနိုင်ငံ သို့သွားရောက်အလုပ်လုပ် သည့်အတွက်ထိခိုက်မှုရှိနိုင်။
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့်	သား၊ငါးရှားပါးမှု၊အရင်းအနှီး နည်းပါးမှု။

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁၈	ရွှေပြောင်းလုပ်သားများ	မြင့်	မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့်ကူးစက်ရောဂါခံရနိုင်မှုများ ခြင်း။
၁၉	ကားသမား		
၂၀	အခြား		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၉–၁၁ရက်၊ ၉ လ၊ ၂၀၁၅နှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)

အခန်း (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

၂.၁ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

၂.၁.၁ ကျေးရွာတွင်းရှိ လူထု အခြေပြု အဖွဲ့အစည်းများ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	ဦးဆောင်ဖွဲ့စည်းသူများ (၄/၅)	စွမ်းဆောင်နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ	၂	၅	-	၅	ကျေးရွာဖွံ့ဖြိုး ရေး	၄	၈
၂	မြေယာစီမံခန့်ခွဲမှုကော်မတီ	၂	၅	-	၅	မြေယာကဏ္ဍ	၅	၇
၃	မိဘဆရာအသင်း	၂	၂	၃	၅	ပညာရေးကဏ္ဍ	၄	၇
၄	ကျောင်းအကျိုးတော် ဆောင်ကော်မတီ	၂	၃	၂	၅	ပညာရေးကဏ္ဍ	၄	၇
၅	မြစိမ်းရောင် (ရေလုပ်ငန်း)	၁	၆	၅	၁၁	ချေးငွေကဏ္ဍ	၄	၈
၆	သာရေး/နာရေး	၂	၅	၆	၁၁	လူမှုရေးကဏ္ဍ	၄	၆
၇	လူငယ်အဖွဲ့	၂	၅	၇	၁၂	လူမှုရေးကဏ္ဍ	၄	၇
၈	အမျိုးသမီးရေးရာ	၂	-	၁၅	၁၅	ကျန်းမာရေး	၅	၈
၉	မိခင်နှင့်ကလေး	၂	-	၁၅	-	ကျန်းမာရေး	၅	၈
၁၀	မီးလင်းရေးကော်မတီ	၂	၃၀	-	၃၀	လျှပ်စစ်မီးကဏ္ဍ	၄	၆

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင်ဖွဲ့ စည်းသူများ (၄/၅)	စွမ်းဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁၁	မီးသတ်အဖွဲ့	၂	၂၁	-	၂၁	သဘာဝဘေး အန္တရာယ် ကာကွယ်ရေး	၄	၇
၁၂	ပြည်သူ့စစ်	၂	၁၀	-	၁၀		၅	၇

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၉–၁၁ရက်၊ ၉ လ၊ ၂၀၁၅ခုနှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)

မှတ်ချက်။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

၂.၁.၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုး အစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁	ရွှေပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်း (IOM)	၄	ကျေးရွာတွင်းတွင်ဂျက်ဖျား၊ တီဘီေရာဂါနှင့် ပတ်သက်၍ လာရောက်ဆွေးနွေးပေးခြင်း၊ ဆေးရုံနှင့်ချိတ်ဆက်ပေးခြင်း။
၂	မွန်မြတ်သောနှလုံးသားများပိုင်ရှင်	၆	ကျေးရွာတွင်းတွင်အရေးပေါ်လူနာနှင့်နာရေးရှိပါကလိုအပ်သည်များအားလာရောက်ကူညီဆောင်ရွက်ပေး ခြင်း၊
၃	ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR)	၄	စာသင်ကျောင်းအတွက်မိုးရေလှောင်ကန်နှင့်အိမ်သာ များဆောက်လုပ်ပေးခြင်း၊

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၉–၁၁ရက်၊ ၉ လ၊ ၂၀၁၅ခုနှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

၂.၂ စီးပွားရေး နှင့် အသက်မွေးမှု အခြေအနေ

၂.၂.၁ သီးနှံထုတ်လုပ်ရေး

၂.၂.၁.၁ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၆၂	၆၆%	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ဟတ်တာထိ)	၃၀	၁၂.၁%	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ(၂ဟတ်တာထိ)	၃၁	၁၂.၆%	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ)	၂၂	၈.၉%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်)	၁	၀.၄%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	**၂၄၆**	**၁၀၀ %**	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၉–၁၁ရက်၊ ၉ လ၊ ၂၀၁၅နှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေအထားသည် စီးပွားရေးအဆင့်အတန်းနှင့် ဆင်းရဲချမ်းသာမညီမျှမှု အချက်အလက်များကိုဖော်ပြပါသည်။ ကျေးရွာ၏ ၆၆% သည် မြေယာမဲ့များဖြစ်ပြီး ဆင်းရဲနှင့် အလွန်ဆင်းရဲသောသူ များဖြစ်ကြပါသည်။ ၃၄%သည် လယ် ၁ ဧက အထက် ပိုင်ဆိုင်သူများဖြစ်ပြီး: အခြားလုပ်ငန်းများနှင့် တွဲဘက်၍ လုပ်ကိုင်နေသူများဖြစ်ကြပါသည်။ (၉.၃%) သည် ၅ဧကအထက်ပိုင်ဆိုင်ကြပြီး ချမ်းသာသော တောင်သူများ ဖြစ်ကြပါသည်။

၂.၂.၁.၂ အစိုးရ နှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့် ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်)
၁	တူးမြောင်း	ဆည်မြောင်း ဦးစီးဌာန	၄၃၀	တစ်နှစ်ပတ်လုံး

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၉–၁၁ရက်၊ ၉ လ၊ ၂၀၁၅နှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)

ကျေးရွာတွင်ကော့မင်ကျွန်းချောင်းနှင့် ရွာလေးချောင်းတို့တည်ရှိပါသည်။ ရွာ၏မြောက်ဘက်တွင်ရှိသည့် အတွာရံမြစ်ရေသည် ကော့မင်ကျွန်းချောင်းသို့စီးဝင်သည်။ နိုင်ငံတော်မှ ကော့မင်းချောင်းနှင့် ရွာလေးချောင်းမှတစ်ဆင့် တူးမြောင်းသွယ်ကာ လယ်ဧကများထဲသို့ ရေသွင်းရယူနိုင်ပါသည်။

၂.၂.၁.၃ အဓိကသီးနှံများ နှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့် ကာလ	သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
စပါး	၃၁၈	တင်း	၂၅	၄၅	၃၅	ကဆုန်-သီတင်းကျွတ်	မြင့်	နိမ့်	
ပဲတီစိမ်း၊		တင်း	၁၅	၁၈	၁၆	တန်ဆောင်မုန်း-ပြာသို	နိမ့်	လတ်	
မတ်ပဲ		တင်း	၁၅	၂၀	၁၈	တန်ဆောင်မုန်း-ပြာသို	နိမ့်	လတ်	
ပဲပုတ်		တင်း	၁၅	၂၀	၁၈	တန်ဆောင်မုန်း-ပြာသို	နိမ့်	လတ်	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၉–၁၁ရက်၊ ၉ လ၊ ၂၀၁၅နှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)

၂.၂.၁.၄ လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	အိမ်ထောင်စုအရေအတွက်	ရွာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
ထွန်စက်	၆		တောင်သူကြီးအချို့သာပိုင်ဆိုင်ကြပါသည်။ စပါးနှင့်ပဲစိုက်ပျိုးရန်မြေယာပြုပြင်ခြင်းများတွင် အသုံးပြုကြပါသည်။
လက်တွန်းထွန်စက်	၂၈		
ခြွေလှေ့စက်	၁		
ရေစုပ်စက်	၂		
မြက်ရိတ်စက်	၁၂		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၉–၁၁ရက်၊ ၉ လ၊ ၂၀၁၅နှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)

၂.၂.၁.၅ သီးနှံထုတ်လုပ်မှု တိုးတက်စေနိုင်သည့် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးတက်စေနိုင်သည့် အခွင့်အလမ်းများ

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီဩဇာ)	မရှိ	သီးထပ်စိုက်ပျိုးနိုင်ခြင်း၊
ရေအရင်းအမြစ်	ရှိ	အတွင်ရံမြစ်မှ စီးဆင်းလာသည့် ချောင်းရေအားတူးမြောင်းအဖြစ်သွယ်တန်းထားခြင်း၊
သဘာဝမြေဆွေး၊ သြဂဲနစ်	ရှိ	မွေးမြူထားသည့်နွားများမှ နွားချေးများရရှိခြင်း၊ နွားချေးအားပြင်ပမှလည်း ဝယ်ယူရရှိနိုင်ခြင်း၊
သြဂဲနစ်ပိုးသတ်ဆေး	မရှိ	
ချေးငွေရရှိမှု	ရှိ	စိုက်ဘဏ်၊ ကျေးရွာပိုင်ရန်ပုံငွေ
သွင်းအားစုဈေးကွက်	ရှိ	ကျေးရွာတွင်အလွယ်တကူဝယ်ယူရရှိနိုင်ခြင်း
ဝန်ဆောင်မှုဈေးကွက်	ရှိ	မြို့နယ်စိုက်ပျိုးရေးဌာနမှဟောပြောပွဲများ လာရောက်ပို့ချခြင်း
ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု	ရှိ	ထွက်ကုန်များအားလုံး ကျေးရွာတွင်ပင်ရောင်းချနိုင်ခြင်း၊

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၉–၁၁ရက်၊ ၉ လ၊ ၂၀၁၅နှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)

လေ့လာတွေ့ရှိချက်။ ။ ကျုံစိန်ကျေးရွာ၏ လယ်မြေများတွင်အဓိကစိုက်ပျိုးသည့် သီးနှံမှာ စပါးဖြစ်ပြီး သီးထပ်အဖြစ် ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲပုတ်တို့အားစိုက်ပျိုးကြပါသည်။ တောင်သူများသည် မျိုးအဖြစ် ၎င်းတို့၏ဒေသစပါးမျိုးကိုချန်၍ လည်းကောင်း၊ အခြားလယ်မှမျိုးများကို ဝယ်ယူ၍ သော်လည်းကောင်း စိုက်ပျိုးကြပြီး (၁) ဧကလျင် (၂၅) တင်းမှ တင်း(၄၀) အထိ ထွက်ရှိ ပါသည်။ ထို့ကြောင့်တောင်သူများအနေဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်ကာ မျိုးကောင်း/သန့်များရရှိအောင်ဆောင်ရွက်ရမည် ဖြစ်သည်။

ရေရရှိမှုအနေဖြင့် ကျေးရွာတွင်းသို့စီးဝင်သည့်ကော့မင်ကျွန်းချောင်း နှင့် ရွာလေးချောင်းတို့တည်ရှိပါသည်။ ရွာ၏မြောက်ဘက်တွင်ရှိသည့် ကော့မင်ကျွန်းချောင်းသည် အတွင်ရံမြစ်သို့စီးဝင်သည့် အတွက် ၎င်းမှ တစ်ဆင့်တူးမြောင်းသွယ်ကာ လယ်ဧကများထဲသို့ ရေသွင်းရယူနိုင်ပါသည်။ ထို့ပြင် ရွာလေးချောင်းသည်လည်း တူးမြောင်းသွယ်တန်းထားသည့်အတွက် ရေသွင်းရယူနိုင်ပါသည်။

တောင်သူများသည် စပါးစိုက်ပျိုးရာတွင် မြေဩဇာအဖြစ်နွားချေးကိုသာအဓိကထား သုံးစွဲကြပါသည်။ ထို့ပြင်နွားချေးကို ဘားအံမှလည်းဝယ်ယူရရှိနိုင်သကဲ့သို့ ကျေးရွာတွင်းတွင်လည်း နွားချေးနှင့်ကောက်ရိုး လဲလှယ်ကာ ဝယ်ယူကြပါသည်။ ကျေးရွာတွင်းတွင် တောင်သူလယ်သမားများ အား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ (၁) ဧကလျင် (၁)သိန်းဖြင့်ထုတ်ချေးပေးပါသည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှလည်း စိုက်ပျိုး ရေးနည်းပညာများအား လာရောက်ဟောပြောမှုများလည်းပြုလုပ်ပေးလျက်ရှိပါသည်။

မိုးစပါးအပြီးတွင်ကျန်ရှိသောမြေအစိုဓာတ်အားအသုံးပြု၍ ပဲတီစိမ်း၊ မတ်ပဲ နှင့် ပဲပုတ်တို့ အားသီးထပ်စိုက်ပျိုးနိုင်ပါသည်။ (၁)ဧကလျင် အနည်းဆုံး (၁၅)တင်းမှ (၂၀)တင်းထိထွက်ရှိပါသည်။ စပါးနှင့်ပဲအတွက် လိုအပ်သည့်သွင်းအားစုများကိုလည်း ကျေးရွာတွင်း နှင့် မော်လမြိုင်စျေးတို့တွင် ဝယ်ယူရရှိနိုင်ပါသည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှလည်း ကျေးရွာသို့ လာရောက်ကွင်းဆင်း၍ တောင်သူများ အတွက်လိုအပ်သည့် အသိပညာပေး ဟောပြောပွဲများအား လာရောက်ပြောကြားပေးလျက်ရှိပါသည်။ စပါးနှင့်ပဲအားကျေးရွာတွင်းတွင် ကိုယ်တိုင်ကိုယ်ကျ လာရောက်ဝယ်ယူသည့် ဒိုင်များရှိပါသည်။

၂.၂.၁.၆ သီးနှံထုတ်လုပ်မှု အတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု အတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေယာအသုံးချနိုင်မှု	ရှိ	ဆားငန်ရေဝင်ရောက်သည့် အချို့မြေများတွင် စိုက်ပျိုးမှုမပြုနိုင်ပဲ ပလပ်ထားကြပါသည်
ငွေကြေးအရင်းအနှီးလက်လှမ်းမှီမှု	ရှိ	ချေးငွေလိုသလောက်မရနိုင်ခြင်း၊ လိုအပ်သောအချိန်တွင် မရရှိခြင်း။
သွင်းအားစုတတ်နိုင်မှု	ရှိ	လိုအပ်သလောက် မြေဩဇာများကို မကျွေးနိုင်ခြင်း၊
ကျွမ်းကျင်လုပ်သားရှားပါးမှု	ရှိ	လယ်ယာလုပ်ငန်းကျွမ်းကျင်သည့်အိမ်ထောင်စုများမှ သားသမီးများသည်နိုင်ငံခြားသို့ရောက်ရှိနေခြင်း၊
ဆည်မြောင်းရေရရှိမှု (မြစ်ရေရရှိမှု)	ရှိ	တူးမြောင်းကောလာခြင်း၊
မိုးရေမလုံလောက်မှု	မရှိ	
စိုက်ပျိုးရေသွင်းအားစုများအချိန်မှီအသုံးပြုနိုင်မှု	ရှိ	လယ်ယာသုံးကိရိယာများ မလုံလောက်မှု၊ နွားချေးစျေးနှုန်း မြင့်တက်လာခြင်း၊
ဖျက်ပိုးနှင့်ရောဂါ	ရှိ	ခရုနှင့် ကြွက်ဆိုးရွားစွာကျရောက်
နည်းပညာအကူအညီနှင့်နည်းလမ်းများ	ရှိ	ခေတ်မှီနည်းစနစ်များမသိရှိခြင်း
စျေးကွက်လက်လှမ်းမှီမှု	ရှိ	ကျေးရွာတွင်းတွင် ရောင်းချနိုင်
အစိုးရမူဝါဒနှင့် အစီအစဉ်		

အခြား(၁)

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၉–၁၁ရက်၊ ၉ လ၊ ၂၀၁၅နှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းရှိ အလုပ်လုပ်နိုင်သည့်လူငယ်၊ လူရွယ်အများစုသည် ထိုင်းနိုင်ငံသို့ သွားရောက်ကြသဖြင့် အခြားရွာများမှ လုပ်သားများငှားရမ်းကာ စိုက်ပျိုးကြရပါသည်။

ကျေးရွာတွင်းသို့ အတ္ထရံမြစ်မှရေသည် ကော့မင်ကျွန်းချောင်းသို့ စီးဝင်ကာ ၎င်းမှတစ်ဆင့် လယ်ကွင်းတွင်းသို့ အောင်ရေရရှိရန်အတွက် တူးမြောင်းသွယ်ယူထားရှိပါသည်။ ၎င်းတူးမြောင်းသည် လက်ရှိအခြေအနေတွင် ကောလာသည့်အတွက် ရွာသူ/သားများအနေဖြင့် တစ်နှစ်လျှင်တစ်ကြိမ် တူးမြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်သင့်ပါသည်။

စပါးတွင် ခရုကျခြင်း၊ ကြွက်များဆိုးရွားစွာကျရောက်ခြင်းတို့နှင့် ကြုံတွေ့နေရပါသည်။ ထို့ကြောင့် တောင်သူများအနေဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ကာ လိုအပ်သည့် ကာကွယ်နှိမ်နှင်းမှုများ ပြုလုပ်ရမည်ဖြစ်ပါသည်။

၂.၂.၂ မွေးမြူရေး လုပ်ငန်း

၂.၂.၂.၁ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	အိမ်ထောင်စု	မှတ်ချက်/အခြေအနေ
မွေးမြူရေး		
နွား	၅၁	အိမ်ထောင်စု (၅၁) စုမှ နွားကောင်ရေ (၁၇၆) ကောင်အား မွေးမြူထားကြပါသည်။
မြင်း	၄	အိမ်ထောင်စု (၄) စုမှ မြင်းကောင်ရေ (၅) ကောင်အားမွေးမြူထားကြပါသည်။ ၎င်းတို့အား သယ်ယူပို့ဆောင်ရေးအ နေဖြင့် မြင်းလှည်းအဖြစ်အသုံးပြုကာ အနီးအနားရှိရွာများသို့လိုက်လံပို့ဆောင်ခြင်းတို့ပြုလုပ်ကြပါသည်။
ကျွဲ	၂	အိမ်ထောင်စု (၂) စုမှ ကျွဲ (၈) ကောင်အားတစ်ပိုင်တစ်နိုင် အဖြစ်သာ မွေးမြူကြပါသည်။
ဆိတ်	၁၆	အိမ်ထောင်စု (၁၆) စုမှ ဆိတ်ကောင်ရေ (၁၄၉) ကောင် မွေးမြူထားရှိပါသည်။ ၎င်းတို့အားသားခွဲပါက ပြန်လည်ရောင်းချ၍ မိသားစုတစ်ပိုင်တစ်နိုင်စီးပွားဖြစ် မွေးမြူထား ကြပါသည်။
ဝက်	၃၀	အိမ်ထောင်စု (၃၀)စုမှ ဝက်ကောင်ရေ(၁၁၉)ကောင် မွေးမြူထား ရှိပါသည်။ ၎င်းဝက်များသည် ဒေသဝက်များထက် ပိုမိုကြီးထွားရန်နှင့် ပိုမိုသန်မာစေရန်မြို့နယ်ရှိ CP ကုမ္ပဏီ မှ CP ဝက်များနှင့်မျိုးစပ်ကာ သားခွဲများ ရောင်းချ၍ မိသားစုတစ်ပိုင်တစ်နိုင် စီးပွားဖြစ် မွေးမြူထားကြပါသည်။
ကြက်	၁၂၈	အိမ်ထောင်စု (၁၂၈) စုမှ ကြက်ကောင်ရေ (၉၁၉) ကောင် တစ်ပိုင်တစ်နိုင်အဖြစ်သာ မွေးမြူထားရှိပါသည်။
ဘဲ	၁၆	အိမ်ထောင်စု (၁၆)စုမှ ဘဲကောင်ရေ(၁၃၈)ကောင်အား တစ်ပိုင်တစ်နိုင် အဖြစ်သာမွေးမြူထားရှိပါသည်။
အခြား		
ငါးလုပ်ငန်း		
ရေချိုငါးဖမ်း လုပ်ငန်း	၁၂၀	အိမ်ထောင်စု(၅၆)စုသည်ငါးဖမ်းလုပ်ငန်းကိုအဓိကလုပ်ကိုင်ကြပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၉–၁၁ရက်၊ ၉ လ၊ ၂၀၁၅ခုနှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)

၂.၂.၂.၂ မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
စားကျက်မြေ	မရှိ
ရေရရှိမှု	ဂျိုင်းမြစ်၊ အတ္ထလန်မြစ်၊ တို့မှ ရရှိသည်။
တိရစ္ဆာန်မျိုး	CP ကုမ္ပဏီမှ ဝက် နှင့် ဥစားကြက်၊ အသားစားကြက် မျိုးကောင်း/သန့်များရရှိနိုင်

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
ချေးငွေ	ကျေးရွာပိုင်ရန်ပုံငွေ
သွင်းအားစုဈေးကွက်	CP ကုမ္ပဏီနှင့်ကျေးရွာမှ အလွယ်တကူရရှိနိုင်
ဝန်ဆောင်မှုဈေးကွက်	ကျေးရွာတွင်းတွင် လိုအပ်သည့် ကာကွယ်ဆေးများ၊ ကုသဆေးများအား တိရိစ္ဆာန်ဆေးကုဆရာဝန်(၁) ဦး နှင့် CP ကုမ္ပဏီမှရရှိပါသည်။
ထုတ်ကုန်ရောင်းဝယ်မှု	CP ကုမ္ပဏီနှင့်မော်လမြိုင်ဈေးတွင်ရောင်းချနိုင်ခြင်း၊
အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု	အိမ်ခြံဝင်းအတွင်း ကြက်၊ ဝက်၊ ဆိတ် မွေးနိုင်ခြင်း၊
ငါးလုပ်ငန်း	
ငါးဖမ်းခွင့် လက်လှမ်းမှီမှု	ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန နှင့် လက်လှမ်းမှီခြင်း
ငါးဖမ်းခွင့် ကုန်ကျစရိတ်မြင့်မားမှု	လှေတစ်စီးနှင့် ပိုက်တစ်ဖုံလျှင် (၅၀၀၀) ကျပ်
အရင်းအနှီးလက်လှမ်းမှီမှု	မြစိမ်းရောင် သိန်း (၃၀၀) ကျပ် ပံ့ပိုးရန် အစီအစဉ်ရှိ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၉–၁၁ရက်၊ ၉ လ၊ ၂၀၁၅နှစ်) (၂၀၁၅ တစ်အိမ်တက်ဆင်း)

